# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 27, 2020 Volume 33, Number 18


## ပို့ကုန်လိုင်စင်လျှောက်ရာတွင် အရေးပေါ်ဆန်ရိက္ခာ ၁၀ ရာခိုင်နှုန်း အစိုးရကဝယ်ယူမှု ယာယီရပ်ဆိုင်းမည်



ပို့ကုန်လိုင်စင် လျှောက်ထားရာတွင် အရေးပေါ်ဆန်ရိက္ခာအတွက် တင်ပို့မှု၏ ၁၀ ရာခိုင်နှုန်း အစိုးရက ဝယ်ယူမှုကို ဩဂုတ် ၁ ရက်က စတင်ပြီး ယာယီရပ်ဆိုင်းမည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဇူလိုင် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။ COVID-19 ကပ်ရောဂါဖြစ်နေချိန်အတွင်း ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် အစိုးရက အရန်ဆန်တန်ချိန် ငါးသောင်း (၅၀,၀၀၀) ကို ဝယ်ယူစုဆောင်းခဲ့သည်။ ဆန်တစ်အိတ်လျှင် ကျပ် ၂၁,၆၀၀ ဖြင့် ဈေးသတ်မှတ်ပြီး ဝယ်ယူခဲ့ခြင်းဖြစ်ပြီး အရန်ဆန်ရိက္ခာ သတ်မှတ်တန်ချိန် ပြည့်သွားခြင်းကြောင့် ဆန်ဝယ်ယူမှုကို ရပ်ဆိုင်းခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ပြည်ပဆန်တင်ပို့မည့် အခြေအနေကလည်း ဇူလိုင်လတွင် ဆန်တန်ချိန် တစ်သိန်းခွဲ၊ ဩဂုတ်လတွင် ဆန်တန်ချိန်တစ်သိန်းခွဲနှင့် စက်တင်ဘာတွင် ဆန်တန်ချိန် တစ်သိန်းတင်ပို့ရန် ရည်မှန်းထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ ၂၀၁၉ အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ဇူလိုင် ၃ ရက်အထိ မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုက တန်ချိန် နှစ်သန်းတစ်သိန်းကျော် တင်ပို့ထားသည်။ လက်ရှိ နိုင်ငံတကာဆန် ဈေးကွက်အခြေအနေသည် COVID-19 ကပ်ရောဂါစတင်ပြီး နောက်ပိုင်းတွင် ဈေးနှုန်းပြန်လည်ကျဆင်းနေကြောင်း ပြည်ပသို့ ဆန်တင်ပို့နေသည့် လုပ်ငန်းရှင်အချို့ကပြောသည်။

COVID-19 ကပ်ရောဂါ စတင်ပြီးနောက် နိုင်ငံတကာဈေးကွက်တွင် ဆန်ဈေးနှုန်းများ ရုတ်တရက် မြင့်တက်ခဲ့သည်။ ထိုင်းနိုင်ငံမှ ၅ မှတ် ဆန်တစ်တန်လျှင် ဒေါ်လာ ၅၀၀ ကျော်အထိ ဈေးမြင့်တက်ခဲ့သည်။ သို့သော်လက်ရှိအချိန်တွင် ထိုင်း ၅ မှတ် အမျိုးအစားဆန်တစ်တန်လျှင် ဒေါ်လာ ၄၀၀ ကျော်သို့ ပြန်လည်ကျဆင်းလာကြောင်း ၎င်းတို့က ပြောသည်။ "နိုင်ငံတကာဈေးကွက် ဈေးပြန်ဆင်းလာတယ်။ ပြီးတော့ စိုက်ပျိုးချိန်ဖြစ်နေတော့ ဝယ်သူဘက်ကလည်း စောင့်ကြည့်နေတယ်" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူးဦးနေလင်းဇင်က ပြောသည်။ လက်ရှိနိုင်ငံတကာဈေးကွက်တွင် မြန်မာ့ ၅ မှတ်ဆန်ဈေးနှုန်းက တစ်တန်လျှင် ဒေါ်လာ ၄၁၀၊၂၅ မှတ်ဆန်အမျိုး အစား တစ်တန်လျှင် ၃၃၄ ဒေါ် လာဈေးဖွင့်သည်။

**Source:** https://7day.news/detail?id=193529

### ၂၇.၇.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၄ -US$ |
| မြန်မာ့ရွှေဈေး | = ၁၃၀၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၆၇/- ကျပ် |
| CBM Rate | = ၁၃၆၁.၈ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၉၂.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၆.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၄၇.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၁.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၉.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၄.၅၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၀၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၇၅ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၀.၂၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၁၇၀ ကျပ် |

၁၇၀Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသော်လည်း ၁၀ လခွဲအတွင်းကုန်သွယ်မှု ယခင်နှစ်ထက် ဒေါ်လာ နှစ်ဘီလီယံပိုများ

COVID-19 ကပ်ရော ဂါကာလကို လေးလခန့်ဖြတ်သန်းခဲ့သော်လည်း မြန်မာနိုင်ငံ၏ ယခုဘဏ္ဍာနှစ် ၁၀ လခွဲအတွင်း ကုန်သွယ်မှုပမာဏက ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာ နှစ်ဘီလီယံခန့်ပိုများသည်။ ယခုဘဏ္ဍာနှစ် ၁၀ လခွဲအတွင်း မြန်မာနိုင်ငံမှပို့ကုန် ဒေါ် လာ ၁၄ ဘီလီယံကျော် တင်ပို့ထားပြီး သွင်းကုန် ဒေါ်လာ ၁၅ ဒသမ ၇ ဘီလီယံ တင်သွင်းထားသည်။ ကုန်သွယ်မှုလိုငွေမှာ ဒေါ်လာ ၁ ဒသမ ၇ သန်းကျော်ရှိနေသည်။ ပို့ကုန်ပမာဏတွင် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာ သန်း ၅၀၀ ကျော် ပိုတင် ပို့နိုင်ပြီး သွင်းကုန်တွင် ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ပိုမိုတင်သွင်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများတွင် ဖော်ပြထားသည်။

COVID-19 ကပ်ရောဂါ ဖြစ်ပြီး သဘာဝဓာတ်ငွေ့တင်ပို့မှု လျော့နည်းသော်လည်း မြန်မာနိုင် ငံ၏ ပို့ကုန်ပမာဏ မြင့်တက်ရခြင်းက လယ်ယာထွက်ကုန်တင် ပို့မှုတိုးတက်လာခြင်းကြောင့်ဟု စီးပွားကူးသန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ ဆန်၊ ပြောင်းအပါအဝင် လယ်ယာထွက်ကုန် ပြည်ပတင်ပို့မှုက ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် ဒေါ်လာ သန်း ၅၀၀ ကျော်ပိုများသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ် ၁၀ လခွဲအတွင်း လယ်ယာထွက်ကုန် ပြည်ပတင်ပို့ မှုမှ ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ ကျော် တင်ပို့ခဲ့သော်လည်း ယခု ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၃ ဒသမ ၂ဘီလီယံကျော် တင်ပို့နိုင်ခဲ့သည်။

နိုင်ငံတကာ ရေနံဈေးနှုန်းကျဆင်းမှုကြောင့် ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ရောင်းရချမှုက ပြီးခဲ့သည့် ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်လျှင် ဒေါ်လာ သန်း ၃၀၀ ကျော်လျော့နည်းသွားသည်။ ယခု ဘဏ္ဍာနှစ် ၁၀လခွဲအတွင်း ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့ မှုက ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ ခန့် တင်ပို့ထားသည်။ ထို့အပြင် ပြည်ပသို့ အထည်ချုပ်တင်ပို့မှုက ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံကျော်တင်ပို့ထားပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက်နှိုင်းယှဉ်ပါက ဒေါ်လာသန်း ၆၀ ကျော် လျော့နည်းသွားသည်။

**Source:** https://7day.news/detail?id=193528

## လက်ရှိနွေနှမ်းဈေးနှုန်း တဖြေးဖြေးမြင့်တက်လာပြီး နှစ်သိန်းကျော်ရောက်ရှိလာ

နှမ်းစိုက်ဧကများ ပျက်စီးမှုများသဖြင့် လက်ရှိနွေနှမ်းဈေးနှုန်းမှာ တဖြေးဖြေးမြင့်တက်လာကာ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း နှမ်းနက်(စမုံ) တစ်အိတ်ကျပ်နှစ်သိန်းဈေးထိဖြစ်လာကြောင်း ပဲနှမ်းကုန်သည်များထံမှသိရသည်။ ပဲနှမ်းဈေးကွက်တွင် နှမ်းနက်၊ နှမ်းဖြူနှင့် ပဲတီစိမ်းအရောင်းအဝယ်ကောင်းနေကာ နှမ်းဈေးမှာမူ ဇူလိုင်လဆန်းပိုင်းမှစတင်ကာ သီတင်းနှစ်ပတ်အတွင်း တဖြေးဖြေးဈေးတက်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၄၀,၀၀၀ခန့် ဈေးမြင့်လာသည်။ မိုးဦးကာလစိုက်ပျိုးသည့် ဒေသများတွင် မိုးခေါင်ကာပျက်စီးခဲ့သဖြင့် ဈေးကွက်သို့ နှမ်းအဝင်နည်းနိုင်ကြောင်း နှမ်းကုန်သည်များကခန့်မှန်းထားကာ လက်ရှိတွင် နွေနှမ်းဈေးမှာ တဖြေးဖြေး ဈေးတက်လာခြင်းဖြစ်ကြောင်း ပဲနှမ်းကုန်သည်ဦးဌေးအောင်ကပြောသည်။ '' လက်ရှိဈေးကွက်မှာ နှမ်းဖြူ နှမ်းနက်နှင့် ပဲတီစိမ်းပဲ ဈေးကောင်းအရောင်းအဝယ်ဖြစ်နေတယ်။ ကျန်တဲ့ပဲတွေ အားလုံးနီးနီးအေးနေတယ်။ တရုတ်ဝယ်လိုအားကလည်း နှမ်းနဲ့ပဲတီစိမ်းမှာပဲရှိနေတယ်။ နှမ်းဈေးတက်လာတာကတော့ နောက်ရာသီမှာ နှမ်းထွက်အား မရှိတော့ဘူးလို့ ကုန်သည်တွေကမှန်းထားတော့ နှမ်းဈေးက ဇူလိုင်လဆန်းကနေ ဇူလိုင် ၂၃ ရက်ထိ တဖြေးဖြေးတက်လာတာ တစ်အိတ်ကျပ် ၄၀၀၀၀ခန့် ဈေးတက်လာပါ။ ဒီနေ့ဆိုရင်တစ်အိတ်ကို ကျပ် ၂၀၀,၀၀၀ ထိဖြစ်လာတာပါ။ဒီဈေးကတော့ ငြိမ်နေနိုင်ပါတယ်။''ဟု ၄င်းကပြောသည်။

နွေနှမ်းသစ်များ မပေါ်မီ ပြီးခဲ့သည့်မေလက နှမ်းနက် (စမုံ) ထိပ်စ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ်နှစ်သိန်းကျော်ပေါက်ဈေး ရှိခဲ့ သော်လည်း နှမ်းသစ်ပေါ်ချိန် ဇွန်လ လဆန်းပိုင်း၌ နှမ်းနက် (စမုံ)သည် ကျပ် နှစ်သိန်းအောက်သို့ များစွာကျဆင်းသွားခဲ့ပြီး ဇူလိုင်လ ၂၁ ရက်တွင် နှမ်းနက် (စမုံ)သုံးတင်းဝင်တစ်အိတ်လျင်ငွေ ကျပ် နှစ်သိန်းကျော်ဈေးနှုန်းသို့ ပထမဆုံးအကြိမ် ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ နှမ်းနက် (စမုံ-ထိပ်စ)ဈေးနှုန်းသည် ပြီးခဲ့သောလများက ကျပ် ၁၅၀,၀၀၀ (ဝန်းကျင်) အထိ ဈေးကျဆင်းခဲ့ပြီး နောက်ဇူလိုင်လ ၂၁ ရက် ငွေကျပ် နှစ်သိန်းကျော်ထိ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကလည်းပြောသည်။ “နှမ်းဈေးလေးတော့ သိသိသာသာ တက်လာတယ်။ ဒါပေမယ့်

တရုတ်ယွမ် ငွေဈေး၊ ဒေါ်လာငွေဈေးကျလို့ နှမ်းဈေးပြန်အေးနိုင်တယ်။ နှမ်းနက်က ကျပ်နှစ်သိန်းဝန်းကျင်နဲ့ ကျနည်းနည်း၊ တက်နည်းနည်းပဲ။''ဟု ၄င်းကပြောသည်။

ဇူလိုင်လ ၂၃ ရက် ထုတ်ပြန်ချက်များအရ မန္တလေးကုန်စည်ဒိုင်၏အမြင့်ဆုံး ရရှိခဲ့သောသုံးတင်းဝင်တစ်အိတ်ဈေးနှုန်းများမှာ နှမ်းဖြူ ကျပ် ၁၂၂,၀၀၀ ကျပ်၊ နှမ်းညို ကျပ် ၁၀၆,၀၀၀ ကျပ်၊ နှမ်းနက် (စမုံ ထိပ်စ) ကျပ် ၂၀၀,၀၀၀ ကျပ်၊ ဂျပန် နှမ်းဖြူ ကျပ် ၁၃၀,၀၀၀ တို့ဖြစ်သည်။ ''နှမ်းကဒေသအလိုက် မိုးမျှော်ပြီးစိုက်ပျိုးရတယ်။ နှမ်းက သီးကင်းပွင့်ကင်းဝင်ချိန် တစ်ကြိမ် ကောင်းကောင်းနဲ့ နောက်တစ်ခါပွင့်ကင်းသိမ်းခါနီး (မိုး)ရွာလိုက်ရင် အောင်နှမ်းရတယ်။ နှမ်းတစ်ရာသီမှာ မိုးသုံးကြိမ်လောက် ကောင်းကောင်းရွာရင် နှမ်းကအောင်ပါတယ်။ နှမ်းက မိုးရေကောင်းရင်ကောင်းသလို နှမ်းအောင်တာမတူကြဘူး။ မတ္တရာနဲ့ ကျောက်ဆည်တောင်မတူညီဘူး။ ထွတ်နှုန်း နှစ်ဆလောက်ကွာတယ်။အခုနှစ်တွေက မိုးကရွာရင်လည်း ဆက်တိုက်ရွာတယ်။ မရွာရင်လည်း တစ်လလောက် လုံးဝမရွာလို့ သီးနှံတွေက ပျက်စီးမှုများတယ်'' ဟု မိုးနှမ်းစိုက်ပျိုးရန်ပြင်ဆင်နေသည့် မတ္တရာ မြို့နယ်မှ တောင်သူဦးမြင့်လွင်ကပြောသည်။

**Source: The Farmer Media.**

https://www.facebook.com/myanmaawba/?ref=page_internal

## အာလူးစိုက်တောင်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် အာလူးအအေးခန်းကို နောင်တရားဒေသ၌ စတင်တည်ဆောက်နေ

အာလူးစိုက်တောင်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် အာလူးအအေးခန်းကို နောင်တရားဒေသ၌ စတင်တည်ဆောက် နေကြောင်း သိရသည်။ **“ဒီဒေသရဲ့လိုအပ်ချက်က တန် ၄၀၀၀ ရှိတာပါ။ လောလောဆယ်မှာ တန် ၂၀၀၀ အရင် ဆောက်တာပါ။ အာလူးမျိုးတွေကို ပုံမှန်အတိုင်း ထိန်းသိမ်းထားမယ်ဆိုရင် သုံးလ (ရက်ပေါင်း ၉၀) ထိန်းသိမ်းထားလို့ရတယ်။ အလွန်ဆုံး ရက်ပေါင်း ၁၂၀ ဆိုရင် မြေမှာချစိုက်ရတယ်။ အာလူးမျိုး လိုအပ်တဲ့အချိန်၊ လိုအပ်တဲ့ဒေသတွေကမှာယူတဲ့အခါ ပေးတဲ့အချိန် နောက်ကျတာ စောနေတာမျိုးတွေမဖြစ်ဖို့အတွက် ထိန်းသိမ်းထားနိုင်ဖို့ တကယ်လိုအပ်နေတာပါ။ အအေးခန်း ဆောက်လိုက်တဲ့အတွက် မျိုးတွေကိုတာရှည်ထိန်းသိမ်းလို့ရသွားမယ်။”**ဟု နောင်တရား အာလူးအစုအဖွဲ့ကုမ္ပဏီဥက္ကဋ္ဌ ဦးခွန်ဆန်းဦးကပြောသည်။

အဆိုပါ အာလူးအအေးခန်းဆောက်လုပ်ပြီးစီးပါက အာလူးတန် ၂၀၀၀ ကို အေးခဲနိုင်မည်ဖြစ်ပြီး ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ၏ ဦးဆောင်လမ်းညွှန်မှု၊ စန္တာ့းခမ်း နောင်တရားအာလူးအသင်း၏ ပူးပေါင်းဆောင်ရွက်မှု၊ နောင်တရားဒေသနှင့် ပင်လောင်းဒေသရှိတောင်သူများ၊ လုပ်ငန်းရှင်များ၏စုပေါင်းပါဝင်မှုတို့ဖြင့် နောင်တရား အာလူးအစုအဖွဲ့ ကုမ္ပဏီ (Naung Ta Yar Potato Group Co.ltd.,) မှ ဦးဆောင်တည်ဆောက်ခြင်းဖြစ်သည်။ **“အအေးခန်းစက်ရုံမှာ တပ်ဆင်မယ့် အအေးပေးစက်တွေကို နယ်သာလန်နိုင်ငံကနေ မှာယူတင်သွင်းတာပါ။ အအေးခန်းအကာ panel တွေကိုတော့ ကိုးရီးယား နိုင်ငံကပါ။ နောင်တရားဒေသတွင်းမှာရှိတဲ့ တောင်သူအားလုံးအပြင် မြန်မာနိုင်ငံမှာရှိတဲ့ အာလူးစိုက်ဒေသအားလုံးရဲ့ အာလူး စိုက်ပျိုးမှုတိုးတက်လာစေဖို့ အာလူးမျိုးသိုလှောင်နိုင်ဖို့ တာရှည်အထားခံပြီး ဈေးကွက်ထိန်းညှိနိုင်ဖို့အတွက် ရည်ရွယ် တည်ဆောက်တာဖြစ်ပါတယ်။ အအေးခန်းစက်ရုံရဲ့ တန်ဖိုးက ကျပ်သိန်း ၂၀၀၀၀ ကုန်ကျမှာပါ။ ဒီလောက်ပမာဏကြီးကို တစ်ဦးတစ်ယောက်ချင်း အင်အားနဲ့ဆို ခဲယဉ်းပေမယ့်လည်း အားလုံးညီညီညွတ်ညွတ်နဲ့ကြိုးစားခဲ့ရပါတယ်။ ပြိုင်တူတွန်းလို့ ရွေ့နိုင်တာပါ။”** ဟု ဦးခွန်ဆန်းဦးက ဆက်လက်ပြောသည်။ အဆိုပါ တန် ၂၀၀၀ ဆန့် (တန် ၅၀၀ ဆန့်၊ အခန်း ၄ ခန်း) အာလူးအအေးခန်းကြီးကို နောင်တရားမြို့၊ ရပ်ကွက်(၃)၊ ကျောင်းကုန်းစုဒေသရှိ ၁၂.၇၇ ဧက ကျယ်ဝန်းသည့်မြေပေါ်၌ တည်ဆောက်နေခြင်းဖြစ်သည်။

**Source:** https://greenwaymyanmar.com/posts/starting_construction_the_cold_storage_to_potato

## ဈေးနှုန်းကျဆင်းနေသဖြင့် ထိုင်းသို့ငရုတ်သီးတင်ပို့မှုရပ်နားထား



ထိုင်းနိုင်ငံက ဝယ်ယူနေသော်လည်း ဈေးနှုန်းကျဆင်းနေသဖြင့် ကုန်ကျစရိတ်နှင့် တွက်ချက်လိုက်လျှင် မကိုက်တော့သဖြင့် ငရုတ်သီးတင်ပို့မှုကို ရပ်နားထားရကြောင်း ငရုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) က သိရသည်။ “ထိုင်းကိုတင်ပို့တာက ငါးပိဿာကို အရင်က ကျပ် ၁၅၀၀၀ ရရှိခဲ့တယ်။ အခုကျပ်တစ်သောင်းပဲပေးတော့တယ်။ အဲဒီဈေးက တင်ပို့စရိတ်၊ တောင်သူတွေဆီက ဝယ်ယူစရိတ်တွေနဲ့ တွက်ချက်လိုက်ရင်မကိုက်တော့တဲ့အတွက် တင်ပို့မှုကိုခေတ္တ ရပ်နားထားတာပါ”ဟု အဆိုပါအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်ကပြောသည်။ ထိုင်းနိုင်ငံက မေလအတွင်း ငရုတ်အစိုဝယ်ယူရန်ကမ်းလှမ်းခဲ့ပြီး ဇွန်လမှစတင်ကာ တင်ပို့မှု ရှိခဲ့ကြောင်း၊ စတင်တင်ပို့စဉ်တွင် ဈေးကောင်းရရှိသော်လည်း နောက်ပိုင်းတွင် ဈေးနှုန်းတဖြည်းဖြည်းလျှော့ချဝယ်ယူလာခြင်းကြောင့် တွက်ခြေမကိုက်တော့သဖြင့် ဇူလိုင်လမှစတင်ကာတင်ပို့မှုကို ရပ်နားလိုက်ခြင်းဖြစ်ကြောင်းသိရသည်။ “ထိုင်းဈေးကွက်ကနေ တခြားနိုင်ငံတွေကိုပို့တာကို အဲဒီကို ဗီယက်နမ်ကဝင်တယ်၊ တရုတ်က ဝင်တယ်၊ သူတို့အသီးကွာလတီနဲ့ ကိုယ့်ဆီကကွာလတီနဲ့ယှဉ်တဲ့အခါမှာ ကိုယ့်ကွာလတီက သူတို့ထက်နိမ့်တယ်။ ဈေးက မြင့်တယ်ဆိုတော့ တိုးလို့မရဘူး၊ တောင်သူဘက်ကကြည့်တော့ ဈေးမရဘူး၊ ပွဲရုံတွေဘက်ကလည်း ဈေးအမြင့်ပေးဝယ်ရတယ်ဆိုတော့ အဆင် မပြေကြဘူးဖြစ်နေတာပါ”ဟု ငရုတ်ကုန်သည် ဦးစန်လင်းကပြောသည်။

တောင်သူများက အရပ်ဘက်ပွဲစားများထံသို့ ရောင်းချကြပြီး ပွဲစားများကတစ်ဆင့် ပွဲရုံများထံသို့ ရောင်းချသဖြင့် ကြားခံအဆင့်ဆင့်ရောင်းချခြင်းကြောင့် ပြည်တွင်းငရုတ်ဈေး မြင့်တက်လာချိန်တွင် ပြည်ပပေါက်ဈေးကျနေသဖြင့် ပြည်တွင်းပေါက်ဈေးမှာပြည်ပပေါက်ဈေးထက်ပင် မြင့်နေကြောင်းသိရသည်။ “ပေါက်ဈေးက ကျပ် ၁၇၀၀ လောက်ပေါက်ဈေးရှိတာကို ကျပ် ၂၀၀၀ကျော်အထိ ဈေးတွေဖြစ်နေတော့ တင်ပို့လို့အဆင်မပြေတော့ဘူး။ ဟို (ထိုင်း) မှာက တစ်ပိဿာကိုကျပ် ၁၉၀၀ လောက်ပဲရှိတယ်၊ ဒီမှာ ကျပ် ၂၃၀၀ လောက်အထိရှိတော့ ပွဲရုံတွေပိတ်လိုက်ရတယ်။ အဲဒီလိုဖြစ်နေတာက နှစ်ပတ်လောက်တော့ရှိပါပြီ”ဟု ဒေါ်ဥမ္မာကျော်ကပြောသည်။

တရုတ်နိုင်ငံသို့တင်ပို့ရန် အခြေအနေမှာလည်း တရုတ်တွင် ယခုနှစ် ငရုတ်အထွက်နှုန်းကောင်းနေသဖြင့် အခက်တွေ့နေသည်။ ထို့ကြောင့် ယခုအခြေအနေအရပြည်တွင်းငရုတ်ဈေးနှုန်း မြင့်တက်နိုင်ခြေမရှိကြောင်းသိရသည်။ ငရုတ်သီးများကို အခြောက်ခံကာတင်ပို့နိုင်သော်လည်း နည်းပညာဆိုင်ရာလိုအပ်ချက်နှင့် ဈေးကွက်ရရှိမှု နည်းပါးမှုတို့ကြောင့် အခက်အခဲရှိနေသေးကြောင်း သိရသည်။

မြန်မာတောင်သူကြီးများ ဂျာနယ်

**Source:** https://www.facebook.com/sitepyo/

## ရန်ကုန်တိုင်းအတွင်း ငွေကျပ် သန်း ၂၄၀၀ ရင်းနှီးမြုပ်နှံကာ ပဲနှင့်ဆန်ကြိတ်ခွဲသန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်မည်



ရန်ကုန်တိုင်းဒေသကြီးအတွင်း ငွေကျပ် သန်း ၂၄၀၀ ရင်းနှီးမြုပ်နှံကာ ပဲ အမျိုးမျိုးနှင့် ဆန်၊ ဆန်ထွက်ပစ္စည်းများကြိတ်ခွဲခြင်း၊ သန့်စင်ခြင်း၊ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြုပ်နှံမှုကော်မတီမှသိရသည်။ ယင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၂/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးတွင်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ " ကျွန်တော်တို့အနေနဲ့ ကိုဗစ်သက်ရောက်မှုကာလမှာ ရန်ကုန်တိုင်းအတွင်း ပြည်တွင်းပြည်ပရင်းနှီးမြုပ်နှံမှုတွေ အရှိန်အဟုန်မပျက်ဆက်လက်ခွင့်ပြုနိုင်ဖို့အတွက် အစည်းအဝေးတွေကို Video Conferencing စနစ်နဲ့ စဉ်ဆက်မပြတ် ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး

ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ အဆိုပါလုပ်ငန်းမှ လုပ်သား ၈၄ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/pyimyanmarnews/photos/a.513049855397478/3171527132883057/

## ဗဟိုဘဏ်က နိုင်ငံခြားငွေ ဈေးပြိုင်လေလံဆောင်ရွက်ခြင်းမှာ ကျပ်ငွေတန်ဖိုး အတက်၊ အကျအတွက် မဟုတ်ဟုဆို



ဗဟိုဘဏ်ကလေလံစနစ်ဖြင့် ဒေါ်လာများ ဝယ်ယူ၊ ရောင်းချနေခြင်းသည် အချိန်တိုတွင်းဒေါ်လာ အတက်အကျမများစေရန်နှင့် နိုင်ငံခြားသုံး၊ ရန်ပုံငွေကို ဖြည့်တင်းရန်အတွက်သာဖြစ်သည်ဟု ဗဟိုဘဏ်က ဇူလိုင် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။ ဗဟိုဘဏ်က နိုင်ငံခြားငွေ ဈေးပြိုင်လေလံဆောင်ရွက်ခြင်းသည် ငွေလဲနှုန်းတစ်ရပ်အတွက် ဈေးနှုန်းရှိစေရန်သာဖြစ်ပြီး မြန်မာကျပ်ငွေ တန်ဖိုးမြင့်တက်စေရန် (သို့မဟုတ်) ကျဆင်းစေရန်မဟုတ်ကြောင်း ထုတ်ပြန်သည်။

ဗဟိုဘဏ်သည် မြန်မာကျပ် ငွေတန်ဖိုးသတ်မှတ်နှုန်းထက်ကျဆင်းပါက ဒေါ်လာကိုဈေးပြိုင် လေလံစနစ်ဖြင့်ရောင်းချပြီး မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်လာသည့်အခါ ဒေါ်လာကိုဈေးပြိုင်စနစ်ဖြင့်ဝယ်ယူသည်။ နိုင်ငံခြားသုံးရန်ပုံငွေကို ဖြည့်တင်းရာတွင် ကျပ်ငွေတန်ဖိုးမြင့်တက်လာသည့်အခါ လေလံစနစ်ဖြင့် ဈေးကွက်အတွင်းမှဖြည့်တင်းသည်ဟု ဗဟိုဘဏ်ကဆိုသည်။ “ဗဟိုဘဏ်က ဒေါ်လာဈေး အတက်၊ အကျမကြမ်းအောင် ထိန်းရမှာသူ့တာဝန်ပဲလေ။ သူမထိန်းရင်၊ မဖြစ်သင့်တဲ့နှုန်းတွေရောက်သွားရင် စီးပွားရေးလုပ်လို့ ကိုင်လို့ရမှာမဟုတ်တော့ဘူး”ဟု ငွေလဲလုပ်ငန်း ဆောင်ရွက်နေသည့် ကိုဇော်လင်းထက်ကပြောသည်။

ကိုဗစ်ကာလအတွင်းမြန်မာကျပ်ငွေတန်ဖိုး မြင့်တက်လာပြီး ဒေါ်လာဈေးကျဆင်းလာခြင်းကြောင့် ဗဟိုဘဏ်က ဈေးကွက်အတွင်းမှ ဒေါ်လာများကို ဝယ်ယူနေခြင်းဖြစ်သည်။ ကိုဗစ်ကာလ ဇန်နဝါရီ ၁ ရက်မှဇူလိုင်လလယ်အထိ ပြည်တွင်းငွေလဲနှုန်းသည် တစ်ဒေါ်လာလျှင် ကျပ် ၁၀၀ ကျော်နှုန်းကျဆင်းခဲ့ပြီး ၂ နှစ်ကျော်အတွင်း အနိမ့်ဆုံးငွေလဲနှုန်းဖြစ်လာသည်။ ဒေါ်လာဈေး တစ်ရှိန်ထိုးကျဆင်းမှုကိုကုစားရန် ဗဟိုဘဏ်က ခြောက်လကျော်အတွင်း ပြင်ပဈေးကွက်မှ ဒေါ်လာသန်း ၁၆၀ ကျော် ဝယ်ယူခဲ့သည်။

**Source:** https://7day.news/detail?id=193434

## ရက်ပိုင်းအတွင်း တစ်ဒေါ်လာ ၃၃ ကျပ်ခန့် ကျဆင်း

ပြည်တွင်းငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုးက တစ်ပတ်အတွင်း ၂ ရာခိုင်နှုန်းကျော် ပြန်လည် ကျဆင်းပြီး ဇူလိုင်၂၄ ရက်တွင် တစ်ဒေါ်လာ ၁,၃၇၀ ကျပ်ဈေးဖွင့်သည်။ ဇူလိုင် ၂၁ ရက်က တစ်ဒေါ်လာ ၁,၄၀၃ ကျပ်အထိ ရုတ်တရက်မြင့်တက်ပြီးနောက် ဆက်တိုက်ပြန်လည်ကျဆင်းလာသည်။ အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းမှုက ပို့ကုန်လုပ်ငန်းရှင်များအတွက် ဝင်ငွေလျော့နည်းပြီး ပြည်တွင်းဝယ်ယူမှုတွင် ကုန်စည်ဈေးနှုန်းများလည်း လျော့ကျစေသည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။

ဒေါ်လာတန်ဖိုး ရေရှည်ကျဆင်းနေမည်ဆိုပါက ပြည်ပမှတင်သွင်းသော ကုန်ပစ္စည်းများဈေးနှုန်းကျဆင်းနိုင်ပြီး ကုန်ဈေးနှုန်းလည်း အနည်းငယ်လျော့ကျစေသည်ဟု ၎င်းတို့ကပြောသည်။ လက်ရှိ ပြည်တွင်းစီးပွားရေးအခြေအနေ ကျဆင်းနေမှုနှင့် လျော့ကျလာသည့် ဝယ်လိုအားများကြောင့် အမေရိကန်ဒေါ်လာတန်ဖိုး ပြန်လည်မြင့်တက်နိုင်မည့် အခြေအနေနည်းသည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကသုံးသပ်သည်။ ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျဆင်းလာသော်လည်း အခေါက်ရွှေဈေးနှုန်းက တစ်ကျပ်သားလျှင် ၁,၂၁၈,၀၀၀ ကျပ်ဈေးဖွင့်သည်။ နိုင်ငံတကာရွှေဈေးနှုန်းက တစ်အောင်စလျှင် ၁,၈၉၄ ဒေါ်လာ ဈေးဖွင့်သည်။

**Soruce:** https://7day.news/detail?id=193379

## လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များကို ချေးငွေထုတ်ချေးပေးမည်

မြန်မာနိုင်ငံတဝန်းရှိ အခြေတကျ ဆိုင်ဖွင့်ရောင်းချနေတဲ့ လက်ဖက်ရည်ဆိုင်တွေနဲ့စားသောက်ဆိုင်ငယ်တွေကို တစ်နှစ်အတိုးနှုန်း ၂ ရာခိုင်နှုန်းနဲ့ ကျပ် ၁၀၀ ဘီလီယံအသုံးပြုပြီး ချေးငွေထုတ်ချေးပေးသွားမယ်လို့ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီကနေ သိရပါတယ်။ ဒီချေးငွေကို နိုင်ငံတော်ဘဏ္ဍာငွေရုံပုံငွေရဲ့ အထွေထွေပိုလျှံရန်ပုံငွေကနေ ဘီလီယံ ၁၀၀ ရယူပြီးတော့ မြန်မာ့စီးပွားရေးဘဏ်ကနေတဆင့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းတွေကို တနှစ် အတိုးနှုန်း ၁ ရာခိုင်နှုန်းနဲ့ ထုတ်ချေးမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကနေတဆင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်နစ်နာခဲ့ရတဲ့ လက်ဖက်ရည်ဆိုင်နေတွေနဲ့စားသောက်ဆိုင်တွေကို ချေးငွေထုတ်ချေးသွားမှာပါ။ ဒီလိုထုတ်ချေးရာမှာ တစ်နှစ်ကို အတိုးနှုန်း ၂ ရာခိုင်နှုန်းနဲ့ချေးပေးမှာဖြစ်ပြီး ချေးငွေကာလကို တစ်နှစ်သတ်မှတ်ထားပါတယ်။ ဆိုင်းငံ့ကာလအနေနဲ့ ၃ လ သတ်မှတ်ပြီး ကျန် ၉ လ မှာ ၃ လ တစ်ကြိမ် အရင်းနဲ့အတိုးကို ပြန်ပေးဆပ်ရမှာပါ။

ဆိုင်အရွယ်အစားပေါ်မူတည် ထုတ်ချေးပေးမှာဖြစ်ပြီး မတည်ငွေကျပ်သိန်း ၅၀ အထိရှိတဲ့ ဆိုင်အငယ်တွေကို ၃၅ သိန်း အများဆုံးထုတ်ချေးပေးမှာဖြစ်ပြီး၊ မတည်ငွေကျပ်သိန်း ၁၀၀ အထိရှိတဲ့ဆိုင်လတ်ကို သိန်း ၇၀ ၊ မတည်ငွေကျပ်သိန်း ၁၅၀ အထိရှိတဲ့ဆိုင်ကြီးကို ကျပ်သိန်း ၁၀၀ ဆိုပြီး အများဆုံးထုတ်ချေးပေးမှာဖြစ်ပါတယ်။ ချေးငွေရယူလိုသူအနေနဲ့ ကိုယ်ပိုင်မြေ၊ အဆောက်အဦးအပေါ်မှာဖြစ်စေ၊ တရားဝင်ငှားရမ်းပြီးဖြစ်စေ အခြေတကျဖွင့်လှစ်ထားကြောင်း အထောက်အထားကို တင်ပြရမှာဖြစ်ပြီးတော့ ဆိုင်ဖွင့်လှစ်ထားတဲ့ သက်တမ်း တစ်နှစ် အထက်ရှိရမှာ ဖြစ်ပါတယ်။

**Source : DVB**

https://news.ydnp.net/357662/

## တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၄၃၀၀၀ ဝန်းကျင်အထိ မြင့်တက်ခဲ့ပြီး အနိမ့်ဆုံးနှုန်း ကျပ် ၁၂၅၇၀၀၀၊ အမြင့်ဆုံးနှုန်း ကျပ် ၁၃၀၀၀၀၀ ဖြစ်ပေါ်



တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၄၃၀၀၀ ဝန်းကျင်အထိ မြင့်တက်ခဲ့ပြီး အနိမ့်ဆုံးနှုန်း ကျပ် ၁၂၅၇၀၀၀ (ဇူလိုင် ၂၀ ရက်)၊ အမြင့်ဆုံးနှုန်း ကျပ် ၁၃၀၀၀၀၀ (ဇူလိုင် ၂၂ ရက်) အထိ ဖြစ်ပေါ်ခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။

ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀ ဖြင့် ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များ ဆက်တိုက်တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများ ဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်၌ ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇူလိုင် ၁၁ ရက်၌ ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိ မြင့်တက်ခဲ့သည်။ ဩဂုတ်လအတွင်း၌လည်း စံချိန်သစ်များ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၃ ရက်၌ ကျပ် ၁၁၅၄၉၀၀၊ ဩဂုတ် ၇ ရက်၌ ကျပ် ၁၂၀၃၀၀၀၊ ဩဂုတ် ၁၃ ရက်၌ ကျပ် ၁၂၃၇၀၀၀၊ ဩဂုတ် ၂၆ ရက်၌ ကျပ် ၁၂၄၉၀၀၀၊ ဩဂုတ် ၂၉ ရက်၌ ကျပ် ၁၂၆၃၀၀၀၊ စက်တင်ဘာ ၄ ရက်တွင် ကျပ် ၁၂၈၂၀၀၀၊ စက်တင်ဘာ ၅ ရက် တွင် ကျပ် ၁၃၁၅၀၀၀ အထိ စံချိန်သစ်များ တင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်း အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ ခုနှစ်

စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၂ ရက်တွင် ကျပ် ၁၃၀၀၀၀၀ တန်းကို ပြန်ရောက်လာခဲ့သည်။ ပြီးခဲ့သည့် ခြောက်လအတွင်း လအလိုက် အနိမ့်ဆုံးနှင့်အမြင့်ဆုံး ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ကျပ် ၁၁၉၂၀၀၀– ၁၂၃၇၀၀၀၊ ဖေဖော်ဝါရီတွင် ကျပ် ၁၂၁၄၀၀၀– ၁၂၆၂၂၀၀၊ မတ်တွင် ကျပ် ၁၁၃၆၀၀၀– ၁၂၂၅၀၀၀၊ ဧပြီတွင် ကျပ် ၁၁၄၅၀၀၀– ၁၁၉၄၀၀၀၊ မေ၌ ကျပ် ၁၁၆၉၅၀၀– ၁၂၃၆၀၀၀၊ ဇွန်၌ ကျပ် ၁၂၀၇၅၀၀– ၁၂၂၀၀၀၀ ဖြစ်သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ် ဇူလိုင်တွင် ၁၃၈၂–၁၄၄၅ ဒေါ်လာ၊ ဩဂုတ်တွင် ၁၄၅၀– ၁၅၄၂ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၄၈၃– ၁၅၅၂ ဒေါ်လာ၊ အောက်တိုဘာ၌ ၁၄၇၂– ၁၅၁၂ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၄၅၅– ၁၅၁၃ ဒေါ်လာ၊ ဒီဇင်ဘာ၌ ၁၄၅၆– ၁၅၁၄ ဒေါ်လာ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၁၅၂၈– ၁၅၈၉ ဒေါ်လာ၊ ဖေဖော်ဝါရီတွင် ၁၅၄၉– ၁၆၅၉ ဒေါ်လာ၊ မတ်တွင် ၁၄၆၇– ၁၆၇၃ ဒေါ်လာ၊ ဧပြီတွင် ၁၅၆၈– ၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃– ၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀– ၁၇၇၉ ဒေါ်လာဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ကွာဟချက် ဒေါ်လာ ၄၀ ဝန်းကျင်မှ ဒေါ်လာ ၂၀၀ ကျော်အထိရှိခဲ့သည်။

**Source:** https://news-eleven.com/article/184418

## လာမည့် ၂၀၂၃ ခုနှစ်တွင် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းအတွက် လိုအပ်သည့်လျှပ်စစ်ဓာတ်အားကို Plan A ၊ B ၊ C ခွဲ၍ ထုတ်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ၂၀၂၃ ခုနှစ်ခန့်တွင် မီးပေးနိုင်ရေး Plan A ၊ Plan B ၊ Plan C ခွဲ၍ ထုတ်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဒေါက်တာတင်ထူးနိုင်က Weekly Eleven ဂျာနယ်သို့ ပြောကြားသည်။ “ မီးကလည်း Plan A ၊ Plan B ၊ Plan C ဆိုတာမျိုး အဓိကထား ဆောင်ရွက်နေပါတယ်။ ၂၀၂၃ လောက်မှာ ဇုန်အတွင်း လျှပ်စစ်မီး လုံလုံလောက်လောက် ပေးနိုင်ဖို့ စက်မှုလုပ်ငန်းတွေအတွက် စီစဉ်ဆောင်ရွက်နေပါတယ်” ဟု အတွင်းရေးမှူးဒေါက်တာတင်ထူးနိုင်ကဆိုသည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းစတင်သည်နှင့် အီတာလျံ– ထိုင်းကုမ္ပဏီနှင့် နောင်တွင်မြေငှားရမ်းကာ လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအနေဖြင့် စီမံကိန်းလုပ်ငန်းများကြောင့် ထိခိုက်နစ်နာသည့် ပုဂ္ဂိုလ်များအတွက် လျော်ကြေးပေးခြင်းနှင့် ရွှေ့ပြောင်းနေရာချထားခြင်းကို နိုင်ငံတကာစံနှုန်းများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ အခြေအနေများအား ပြည့်မီကိုက်ညီအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းသိရသည်။ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းအတွက် ငွေလုံးငွေရင်း အရင်းအနှီးနှင့် တိကျသေချာသော လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက်များကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း အထောက်အထားများ အီတာလျံ–ထိုင်းကုမ္ပဏီထံမှရရှိပြီးသည်နှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အီတာလျံ–ထိုင်းကုမ္ပဏီသို့ စီမံကိန်းစတင်ဆောင်ရွက်ရန် အကြောင်းကြားစာပေးပို့သွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းကို မကြာမီ စတင်ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းထားသည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် အီတာလျံ–ထိုင်းကုမ္ပဏီမှ ကနဦးစီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးအတွက် ကနဦးစီမံကိန်းလုပ်ငန်းများအတွင်းပါဝင်သည့် အခြားသော စီမံကိန်းများကိုလည်း ယခုပြင်ဆင်ပေးပို့ခဲ့သည့် ကနဦးစက်မှုဇုန် မြေငှားစာချုပ်ကဲ့သို့ ပြင်ဆင်ဆောင်ရွက် ပေးပို့သွားမည်ဖြစ်ပြီး ဆောင်ရွက်မှုများကို မကြာမီ အသိပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ဆက်လက်ပေးပို့ဆောင်ရွက် မည့် စီမံကိန်းများတွင် သဘာဝဓာတ်ငွေ့ရည်ဆိပ်ကမ်းစီမံကိန်း၊ ကနဦး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်ဆိပ်ကမ်းငယ်စီမံကိန်းများလည်း ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

အထက်ပါ အီတာလျံ–ထိုင်းကုမ္ပဏီကဆောင်ရွက်မည့် ကနဦးစီမံကိန်း အကောင်အထည်ဖော်နေစဉ် ကာလအတွင်း ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း အခြားသောစီမံကိန်းများ ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက်လည်း ထားဝယ်အထူး

စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် စတင်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက သတင်းထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/184404

## အင်းခရမ်းချဉ်သီးများကို နယ်စုံဈေးကွက်အဝယ် ပြန်လိုက်လာ၍ ဈေးပြန်လည်ကောင်းမွန်လာ




ရှမ်းပြည်နယ်ထွက် အင်းခရမ်းချဉ်သီးများကို နယ်စုံဈေးကွက်က အဝယ် ပြန်လိုက်လာ၍ ဈေးပြန်လည်ကောင်းမွန်လာကြောင်း ပွဲရုံပိုင်ရှင်များထံမှ သိရသည်။ ညောင်ရွှေပွဲရုံများမှ အင်းလေးထွက် အသီးများကို (ပိဿာ ၃၀ ) တစ်အိတ်လျှင် ၂၂၀၀၀ ကျပ်မှ ၂၃၀၀၀ ကြား၊ အလုံးလတ်တစ်တင်းလျှင် ၁၈၀၀၀ မှ ၂၀၀၀၀ ကျပ်ကြား၊ အလုံးသေးတစ်တင်းလျှင် ၁၆၀၀၀ မှ ၁၈၀၀၀ ကျပ် ကြား အသီးသီး ဈေးရှိနေကြောင်းသိရသည်။ "အင်းသီးတွေကို ရန်ကုန်၊ မန္တလေး၊ မုံရွာနဲ့ နေပြည်တော် ဈေးကွက်တွေကို အများဆုံး ဖြန့်ဖြူးတယ်။ တစ်ပတ်ကို ကားစီးရေ ၅၀ ကျော်လောက်သွားတယ်။ စထွက်ခါစက ခရမ်းချဉ်သီးဈေးတွေ ကျဆင်းခဲ့တယ်။ ကိုဗစ်ကာလဖြစ်တော့ လမ်းပန်းဆက်သွယ်ရေးမှာ ပိတ်ဆို့ကာလဖြစ်ခဲ့လို့ပါ။ အခုတော့ ဒေသအလိုက် နည်းနည်းဖြေလျှော့မှုတွေလုပ်လာတော့ ဈေးပြန်တက်လာတယ်။ ခရမ်းချဉ်က မြေပြန့်မှာဆိုရင်တော့ လက်လီဈေးမှာဆိုရင် တစ်ပိဿာကို ကျပ်နှစ်ထောင်နှုန်း ပြန်တင်ရောင်းကြတယ်" ဟု အောင်ရတနာပွဲရုံပိုင်ရှင် ဦးစိုင်းအောင်ဝင်းကပြောသည်။ ယခုနှစ် အင်းခရမ်းချဉ်စိုက်ပျိုးမှုမှာ ပုံမှန်တိုင်းဖြစ်ခဲ့သော်လည်း အပွင့်ဝင်စဉ်က ပိုးကျခဲ့၍ အထွက်နှုန်းနည်းလျက်ရှိကြောင်းသိရသည်။

ညောင်ရွှေရှိ အင်းခရမ်းချဉ်စိုက် တောင်သူကွန်ရက်ဝင် ဦးစိုင်းထွန်းဦးက " ဒီနှစ် စထွက်ချိန်တုန်းက ဈေးတွေ ကျခဲ့တော့ အလကားတောင် ပေးလိုက်ရတဲ့ အခင်းတွေရှိတယ်။ အခုတော့ ဈေးကပြန်လိုက်လာပါပြီ။ မြို့ ပေါ်ပွဲရုံတွေက စရံပေးပြီးတော့ ဈေးကွက်ပေါက်ဈေး အတိုင်းဝယ်ပေးတယ်။ မြို့ပေါ်အရောက် သယ်ယူစရိတ်လည်းပေးတယ်။ ထွက်ရှိနှုန်းကတော့ တစ်ဧကလောက် တစ်ခါခူးရင် ပိဿာချိန် ၂၀၀ ကျော်ရတယ်။ ရိုးရိုးခရမ်းချဉ်ကတော့ ပိဿာ ၁၈၀ ဝန်းကျင်ရတယ်" ဟုပြောသည်။ လက်ရှိတွင် ဒေသတွင်း ပွဲရုံများအပေါ်မှတည်၍ တစ်ပိဿာလျှင် ၅၀၀ မှ ၇၀၀ ကျပ်ကြား ဈေးပေးနေသလို နယ်စုံသို့ တစ်ပိဿာလျှင် ၈၀၀ ကျပ်နှင့်အထက် ဖြန့်ဖြူးကြကြောင်းသိရသည်။

အင်းသီးများစတင်ထွက်ရှိသည့် မေလကုန်နှင့်ဇွန်လအတွင်းက ၃၀ ပိဿာရှိ တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ အောက် ကျဆင်းခဲ့ကြောင်းသိရသည်။ အင်းသီးကို ရန်ကုန်၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ပြည်၊ မြစ်သား၊ မန္တလေးတို့အထိ လမ်းကြောင်း ၃ ကြောင်းဖြင့် ပို့ဆောင်ပေးနေခြင်းဖြစ်ပြီး အင်းခရမ်းချဉ်သီး (အင်းသီး) မှာ အသားထူပြီး အထားခံသဖြင့် ဖျော်ရည်၊ ယို၊ ခရမ်းချဉ်ဆော့များပြုလုပ်ရန် အထူးကောင်းမွန်သော်လည်း စက်ရုံမရှိသဖြင့် ကုန်ကြမ်းအဖြစ်သာ ထုတ်လုပ်ရောင်းချနေရကြောင်း ၎င်းထံကသိရသည်။

. လက်ရှိတွင် ခရမ်းချဉ်သီးပွဲရုံများ အနေဖြင့်လည်း ရာသီထွက် ခရမ်းချဉ်သီး အခွံပါးများမှာ ဈေးကောင်းမရသဖြင့် ဝယ်ယူသူနည်းပါးမှုကြောင့် စွန့်ပစ်မှုများ ရှိနေသလို ပရဟိတအဖွဲ့များနှင့် လိုအပ်သူများသို့ အခမဲ့ပေးလှူမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Source:** http://htwettoe.com/article-details/news/9727415

## မိုင်းယောင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

တောင်သူများအတွက် အကျိုးပြုသည့် သီးနှံဖြစ်သော မိုးအစေ့ထုတ်ပြောင်းများကို ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် မိုးသီးနှံအဖြစ် စိုက်ပျိုးထားသော အစေ့ထုတ် ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



မိုးသီးနှံပြောင်းစိုက်ပျိုးရာတွင် တစ်ဧကလျှင် လေးပြည်စိုက်ရပြီး မျိုးစရိတ်၊ မြေပြင်ခြင်း၊ အလုပ်သမား၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် စုစုပေါင်းကျပ်၂၈၀၀၀၀ ကျော်ခန့်ကုန်ကျကြောင်း၊ CP888၊ CP222 တရုတ်မျိုးနှင့် ဒေသမျိုးအဖြစ် ဧကရီ သက်လတ်ရွှေဝါနှင့် အခြားမျိုးများ အနည်းငယ်စိုက်ပျိုးကြကြောင်း အစေ့ထုတ်ပြောင်း စိုက်ပျိုးသော ဒေသခံတောင်သူ တစ်ဦးထံမှသိရသည်။ ပြောင်းစိုက်ပျိုးရာတွင် ဒေသအလိုက်သင့်လျော်သော အထွက်ကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးကြရာ မိုးရာသီတွင် ဧပြီလမှ မေလကုန်စိုက်ပြီး ဆောင်းရာသီတွင် အောက်တိုဘာလမှ နိုဝင်ဘာလတွင် စိုက်ပျိုးသင့်ကြောင်း၊ မြေဩဇာ ထက်သန်သော နုန်းမြေ၊ နုန်းမြေစေး၊ သဲနုန်းမြေတို့နှင့် ရေဝပ်ခြင်းမရှိ လေဝင်လေထွက်မှုတ၍ မြေဆီလွှာနက်သော မြေမျိုး တို့တွင် စိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

အဆိုပါ အစေ့ထုတ်ပြောင်းများကို မိုင်းယောင်းမြို့နယ်တွင် များစွာစိုက်ပျိုးလျက်ရှိရာ ယခုအချိန်တွင် မိုးအစေ့ထုတ် ပြောင်းစိုက်ပျိုးမှု အောင်မြင်ထွန်းလျက်ရှိပြီး ခူးဆွတ်ရောင်းချချိန်တွင်လည်း ဈေးကောင်းရရှိရန် ဒေသခံတောင်သူများ မျှော်လင့် လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ပဲတောင့်ရှည်ဈေးနှုန်း ကျဆင်းမှုကြောင့် စိုက်ပျိုးသူများ အကျိုးအမြတ်ရရှိမှုနည်းပါး



ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ ပဲတောင့်ရှည် စိုက်ပျိုးသူများအနေဖြင့် ယခုနှစ်စိုက်ပျိုးရာသီ တွင် စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းသော်လည်း ဈေးနှုန်းများ ကျဆင်းနေသဖြင့် အကျိုးအမြတ်ရရှိမှု နည်းပါးနေကြောင်း သိရ သည်။ ပဲတောင့်ရှည် စိုက်ပျိုးသူတောင်သူများ အနေဖြင့် ပဲတောင့်ရှည်ကို ရာသီမရွေးစိုက်ပျိုးကြပြီး မျိုးစေ့ချ စိုက်ပျိုးသည့်နေ့မှ ၄၅ ရက်အကြာတွင် ပဲတောင့်ရှည်များ စတင် ခူးယူနိုင်ကာ တစ်ပတ်လျှင် သုံးကြိမ်နှုန်းခန့်နှင့် အပင်သက်တမ်း နှစ်လကျော်ကာလအတွင်း အသုတ်လိုက် ခူးယူရောင်းချ နိုင်ကြောင်းသိရသည်။

ယခင်က ပဲတောင့်ရှည် အတောင့် ၁၀၀ ပါတစ်စည်းလျှင် ငွေကျပ် ၁၅၀၀ ထိဈေးရှိပြီး ယခုအခါတစ်စည်းလျှင် ငွေကျပ် ၈၀၀ သာ ဈေးရှိသဖြင့် စိုက်ပျိုးရောင်းချသူများ အကျိုးအမြတ်ရရှိမှုနည်းပါးပြီး လုပ်ငန်းအခက်တွေ့လျက်ရှိကြောင်းသိရ သည်။

**Source:** http://www.myawady.net.mm/business/item/62765-2020-07-27-10-26-20

## ကိုဗစ် ၁၉ ကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍ၏ အလုပ်အကိုင်ဆုံးရှုံးမှုများကို ပိုမိုမြင်တွေ့လာဖွယ်ရှိသော်လည်း ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် ရေရှည်စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်မည်

စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ (Singapore Tourism Board – STB) သည် လူ့စွမ်းအားဝန်ကြီးဌာန၊ Workforce Singapore အစိုးရအေဂျင်စီ၊ အလုပ်သမားသမဂ္ဂတို့နှင့်ပူးပေါင်းလျက် ခရီးသွားလုပ်ငန်းကဏ္ဍရှိ အလုပ်အကိုင်ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သောလုပ်သားများကို အခြားလုပ်ငန်းကဏ္ဍများသို့ ရွှေ့ပြောင်းလုပ်ကိုင်နိုင်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်ရန် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိသော်လည်း အနည်းဆုံးနောက်ထပ် ၉ လအထိ ဤကဏ္ဍတွင် အလုပ်အကိုင်များပြန်လည်ဖန်တီးပေးနိုင်ရန် မမျှော်မှန်းနိုင်သော ယခုနည်းဗျူဟာသည် အလုပ်အကိုင်ဆုံးရှုံးမှု အများအပြား

မပေါ်ပေါက်လာစေရေးအတွက်သာ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း STB က ပြောကြားပါသည်။

နိုင်ငံတကာခရီးသွားလာမှု ဆိုးရွားစွာကျဆင်းနေခြင်းနှင့်အတူ စင်ကာပူနိုင်ငံရှိ ခရီးသွားလုပ်ငန်းများ၏ အလုပ်အကိုင်ဆုံးရှုံးမှုအခြေအနေကို မလွှဲမသွေရင်ဆိုင်သွားရမည်ဖြစ်ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး Mr Chan Chun Sing ကလည်းပြောကြားခဲ့ပါသည်။ စင်ကာပူ၏ ခရီးသွားလုပ်ငန်းကဏ္ဍသည် လုပ်သား ၆၅,၀၀၀ ခန့်ကို အလုပ်အကိုင်ဖန်တီးပေးထားပါသည်။ ယခုနှစ်တွင် ခရီးသည်ဝင်ရောက်မှု ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်သည်ဟု အစောပိုင်းတွင် ခန့်မှန်းခဲ့သော်လည်း လက်ရှိအခြေအနေအရ ခန့်မှန်းရန်မှာခက်ခဲမှုရှိကြောင်း၊ စင်ကာပူသို့ ခရီးသည်ဝင်ရောက်မှုသည် ဧပြီလနှင့် မေလတို့တွင် ၉၉.၉ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်းကိုလည်း STB က ထောက်ပြခဲ့ပါသည်။

အစိုးရက စီးပွားရေးလုပ်ငန်းများအပေါ် ဂယက်ရိုက်ခတ်နေမှုများကို သက်သာမှုရှိစေ ရန်အတွက် ဘတ်ဂျက် (၄) ကြိမ်ဖြင့် ငှားရမ်းခစရိတ်ကင်းလွတ်ခွင့်၊ မြေနှင့်အဆောက်အဦအပေါ် ကောက်ခံသည့်အခွန်များအား သက်သာခွင့်၊ လုပ်ခလစာနှင့် သင်တန်းစရိတ်များထောက်ပံ့ခြင်း စသည့်အစီအမံတို့ဖြင့် ကူညီပံ့ပိုးပေးလျက်ရှိသောကြောင့် ခရီးသွားလုပ်ငန်း ၇,၀၀၀ ကျော်နှင့် ကိုယ်ပိုင်ရပ်တည်ဆောင်ရွက်နေကြသော ဧည့်လမ်းညွှန် ၁,၆၀၀ ကျော်တို့သည် ကူညီထောက်ပံ့မှုများ ရရှိလျက်ရှိကြောင်း၊ သို့ရာတွင် ဆိုးရွားမှုကြာရှည်လာသည်နှင့်အမျှ လုပ်ငန်းများသည် ကုန်ကျစရိတ်လျှော့ချရေးအစီအမံများကို ဆောင်ရွက်လာကြသောကြောင့် မကြာမီကပင် Marina Bay Sands ၊ Resorts World Sentosa နှင့် Raffles Hotel စသည့် ခရီးသွားလုပ်ငန်းကြီးများပင် အလုပ်အကိုင်လျှော့ချမှုများကို ပြုလုပ်ခဲ့ကြကြောင်း၊ သို့ရာတွင် STB သည် ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်နာလန်ထူလာချိန်တွင် ယှဉ်ပြိုင်နိုင်မှုရှိရေးအတွက် Sentosa နှင့် Pulau Brani ပြန်လည် မွမ်းမံတည်ဆောက်ခြင်း၊ Jurong Lake District Tourism Hub စသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source:** The Business Times / The Straits Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## ဂျပန်၏ အထင်ကရ လက်လီအရောင်းကုန်စုံဆိုင်ကြီး ၄ ခု သည် ကိုရိုနာကပ်ရောဂါဂယက်ကြောင့် စီးပွားရေးအထိနာခဲ့

ဂျပန်၏ အထင်ကလက်လီအရောင်း ကုန်စုံဆိုင်ကြီး ၄ ခုဖြစ်သည့် Daimaru and Matsuzakaya stores ၊ Takashimaya ၊ Sogo & Seibu နှင့် Matsuya တို့သည် ပြီးခဲ့သည့် မတ်လမှ မေလအတွင်း ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ ပြန့်ပွားနေမှုကြောင့် လုပ်ငန်းဆောင်ရွက်မှုများစွာထိခိုက်ခံခဲ့ရကြောင်း ဇူလိုင်လ ၁၅ ရက်နေ့က ထုတ်ပြန်ခဲ့သည့် ၎င်းတို့၏ လုပ်ငန်းအစီရင်ခံစာများအရသိရပါသည်။

အဆိုပါ လက်လီစီးပွားရေးလုပ်ငန်းကြီး ၄ ခုအနေဖြင့် လက်ရှိဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်ကာလတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဝင်ငွေ သိသိသာသာလျော့ကျခဲ့ပြီး လာမည့် ၂၀၂၁ ၊ ဖေဖော်ဝါရီလထိ နာလန်ထူရန် ခက်ခဲ နေမည်ဖြစ်ကြောင်း သုံးသပ်ခန့်မှန်းထားပါသည်။

အဆိုပါ လက်လီစီးပွားရေးလုပ်ငန်းကြီး ၄ ခု အနက် တစ်ခုအပါအဝင်ဖြစ်သည့် Daimaru and Matsuzakaya stores ကို စီမံခန့်ခွဲနေသည့် J. Front Retailing Co., သည် ယခုနှစ်တွင် လုပ်ငန်းလည်ပတ်မှုမှ အရှုံး ယန်း ၂၇. ၁ ဘီလီယံအထိ အမြင့်ဆုံးပမာဏရောက်ရှိနိုင်ပါကြောင်း၊ ယခင်နှစ်တွင် ၎င်းတို့စီးပွားရေးလုပ်ငန်းမှ အမြတ်ငွေ ယန်း ၁၂. ၇ ဘီလီယံ ရရှိခဲ့ပါကြောင်း ပြောကြားခဲ့ပါသည်။

အခြားလက်လီစီးပွားရေးလုပ်ငန်းများဖြစ်ကြသည့် Takashimaya Co., အနေဖြင့် လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုမှ အရှုံး ၊ ယန်း ၇.၃ ဘီလီယံ၊ Seven & i Holdings Co., ၏ လုပ်ငန်းခွဲ တစ်ခုဖြစ်သည့် Sogo & Seibu Co., သည် အရှုံး ၊ ယန်း ၁.၂ ဘီလီယံ၊ Matsuya Co. အနေဖြင့် အရှုံး၊ ယန်း ၉၅၉ မီလီယံ ခန့်ရှိမည်ဖြစ်ကြောင်း သိရပါသည်။

Takashimaya သည် သာမန်ထက်ပိုသည့် ဆုံးရှုံးမှု (ကိုရိုနာပြန့်ပွားချိန်အတွင်း ဆိုင်ပိတ်သိမ်းခဲ့ရသည့်အတွက် ဆုံးရှုံးမှု၊ နစ်နာကြေးပေးရမှုများ အပါအဝင်) ယန်း ၈.၅ ဘီလီယံ ခန့်အထိရှိခဲ့ကြောင်း၊ Matsuya အနေဖြင့် အထူးထိခိုက်ဆုံးရှုံးမှုသည်

ယန်း ၁.၃ ဘီလီယံခန့်ရှိကြောင်းသိရပါသည်။ လက်ရှိတွင် လက်လီစတိုးဆိုင်ကြီးများ ပြန်လည်ဖွင့်လှစ်နေသော်လည်း နိုင်ငံတကာမှ ခရီးသွားများဝင်ရောက်မှုမရှိသည့်အတွက် ဆိုင်များ၏ရောင်းအားမှာ ကျဆင်းနေဆဲဖြစ်ပါသည်။ Matsuya မှ ပြောရေးဆိုခွင့်ရှိသူက လက်ရှိကြုံတွေ့နေရသည့် အကျပ်အတည်းသည် ဆက်လက်တည်ရှိမည်ဟု မျှော်မှန်းထားကြောင်းဆိုပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## COVID-19 ကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၌ ဈေးဝယ်စင်တာများသို့ သွားရောက်သူနည်းသော်လည်း ပျမ်းမျှဝယ်ယူမှုတွင် ပိုများလာခြင်း

ဘယ်လ်ဂျီယံ၊ လူဇင်ဘတ် လက်လီနှင့်ဈေးဝယ်စင်တာကောင်စီ၏ အစီရင်ခံစာအရ ဇွန်လအတွင်း ဈေးဝယ်စင်တာများသို့ သွားရောက်သူဦးရေ (၇.၄) သန်းရှိခဲ့ပြီး၊ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ချက်တွင် ၂၃.၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ ဈေးဝယ်ထွက်သူအရေအတွက် ကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ ကပ်ရောဂါကြောင့်ဖြစ်ပြီး၊ စတိုးဆိုင်များသို့ လာရောက်သည့် ဈေးဝယ်သူများသည် ပျမ်းမျှအားဖြင့် ဝယ်ယူမှုပိုများလာပြီး၊ အသုံးလိုအပ်သည့်ပစ္စည်းများကိုသာ ပိုမိုဝယ်ယူသည်ကိုတွေ့ရှိရသည်။ ဘယ်လ်ဂျီယံနိုင်ငံတွင် ဇွန်လကုန်အထိ ဈေးဝယ်စင်တာများနှင့် စတိုးဆိုင်များအတွင်းသို့ မိတ်ဆွေများ၊ မိသားစုများနှင့်အတူ အုပ်စုလိုက်ဝင်ရောက်ခွင့်မပြုခြင်း သည်လည်း ဈေးဝယ်သူအရေအတွက် ကျဆင်းရခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်နိုင်ကြောင်း၊ ပြီးခဲ့သည့်မေလနှင့်နှိုင်းယှဉ်ပါက ဈေးဝယ်သူအရေအတွက် အနည်းငယ်တက်လာသည်ကိုတွေ့ရကြောင်း၊ ၂၀၁၉ ခုနှစ်၊ မေလနှင့်နှိုင်းယှဉ်မှုအရ ၂၀၂၀ ပြည့်နှစ်၊ မေလတွင် ဈေးဝယ်ထွက်သူအရေ အတွက် ၃၅.၀၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းသိရသည်။

အပန်းဖြေရည်ရွယ်ချက်ဖြင့် ဈေးဝယ်ထွက်မှုမတွေ့ရှိရဘဲ လိုအပ်သည့်ပစ္စည်းများဝယ်ယူမှု (targeted shopping) ကိုသာတွေ့ရကြောင်း ဘယ်လ်ဂျီယံ၊ လူဇင်ဘတ်လက်လီနှင့် ဈေးဝယ်စင်တာကောင်စီ၏ အထွေထွေမန်နေဂျာ Luc Plasman ကပြောကြားသည်။ ဘယ်လ်ဂျီယံနိုင်ငံ၊ ဖက်ဒရယ်အစိုးရက ဈေးဆိုင်များနှင့် ဈေးဝယ်စင်တာများသို့ လာရောက်သူများ အနေဖြင့် နှာခေါင်း စည်း (masks) မဖြစ်မနေတပ်ဆင်ရမည့် စည်းကမ်းချက်ကို ၁၁-၇-၂၀၂၀ နေ့မှ စတင်၍ သတ်မှတ်ခဲ့သည်။ အဆိုပါစည်းကမ်းသတ်မှတ်ချက်ကို မလိုက်နာသည့် ဈေးဝယ်သူများသည် ပထမအကြိမ်အတွက် ယူရို (၂၅၀) ဒဏ်ကြေး ပေးဆောင်ရမည်ဖြစ်ကြောင်း၊ စည်းကမ်းမလိုက်နာမှုဖြစ်ရပ်များကို ထပ်မံတွေ့ရှိရပါက ဒဏ်ကြေးအဖြစ် ယူရို(၄၀၀၀) အထိ ပေးဆောင်ရခြင်း (သို့မဟုတ်) ထောင်ဒဏ် (၃) ရက်မှ (၈)လအထိ အပြစ်ပေးနိုင်ကြောင်းသိရသည်။

**Source: ဘရပ်ဆဲလ်တိုင်းမ်**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## STOCK EXCHANGE (27.7.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 27th Jul. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | -500 | -4.76% | 10,500 | 10,500 | 10,000 | 1,009 | 10,101,500 | 27,112,747 | 271,127 |
| MTSH | 00002 | 3,750 | -50 | -1.32% | 3,800 | 3,800 | 3,750 | 1,844 | 6,997,200 | 38,929,150 | 145,984 |
| MCB | 00003 | 8,200 | +200 | +2.50% | 8,200 | 8,200 | 8,200 | 1 | 8,200 | 10,400,986 | 85,288 |
| FPB | 00004 | 22,000 | +0 | +0.00% | 21,500 | 22,000 | 21,500 | 53 | 1,165,500 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 2 | 5,500 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | -100 | -3.57% | 2,750 | 2,750 | 2,700 | 517 | 1,416,750 | 19,977,223 | 53,939 |

## Market summary

As of 27th Jul. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 434.14 | -10.37 | -2.33% | 443.68 | 443.68 | 434.14 | 3,426 | 19,694,650 | 6 | 645,987 |

### Index chart




# Market Overview

As of 10:00 am, 27th Jul. 2020

| MYANPIX | 443.68 ▼ 0.83 |
|---|---|
| Total Volume (shares) | 686 |
| Total Value (MMK) | 3 mil |
| Listed Company | 6 |
| Market Cap. (MMK) | 660,172 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 21,500 | ▼ 500 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,800 | ▲ 0 |